# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့

## ညွှန်ကြားချက်အမှတ် ၊ ၂ / ၂၀၂၅

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်

( ၂၀၂၅ ခုနှစ်၊ မတ်လ ၁၁ ရက် )

## "ခဲအရည်ကျိုလုပ်ငန်းနှင့်စပ်လျဉ်း၍ အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များသတ်မှတ်ခြင်း"

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မ ၄၇ ပုဒ်မခွဲ(ခ)တို့အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၁။ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းလိုင်စင်ရရှိပြီး ခဲအရည်ကျိုလုပ်ငန်းနှင့်သက်ဆိုင်သော လုပ်ငန်းအမျိုးအစားအလိုက် ခွင့်ပြုချက်ရရှိထားသူသည် မူလလိုင်စင်ပါ စည်းကမ်းချက်များအပြင် ခဲအရည်ကျိုလုပ်ငန်းနှင့်စပ်လျဉ်း၍ အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အောက်ပါစည်းကမ်းသတ်မှတ်ချက်များကို တိကျစွာ လိုက်နာကျင့်သုံးရမည်-

**(က) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး**

(၁) ခဲအရည်ကျိုလုပ်ငန်းဆောင်ရွက်သည့် လုပ်ငန်းရှင်များသည် ထုတ်လုပ်မှုပမာဏအပေါ်မူတည်ပြီး ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာ (Initial Environmental Examination - IEE) သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ (Environmental Impact Assessment-EIA)သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(Environmental Management Plan-EMP)ကို ရေးဆွဲတင်ပြအတည်ပြုချက်ရယူပြီး ယင်းအတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၂) လုပ်ငန်းလည်ပတ်ချိန်တွင် ခဲအရည်ကျိုသည့် မီးဖိုများအနီးတွင် အပူချိန် လျှော့ကျစေရေး စီမံဆောင်ရွက်ရန်နှင့် အပူချိန်ပမာဏအား တိုင်းတာရန်၊

(၃) လုပ်ငန်းခွင်အတွင်း လေဝင်လေထွက်ကောင်းမွန်စေရေးအတွက် လုံလောက်သော အနံ့နှင့်အခိုးအငွေ့များ စုပ်ထုတ်သည့်ကိရိယာ (Exhaust Fan) များ တပ်ဆင်ရန်နှင့် အလင်းရောင်ရရှိစေရေး ဆောင်ရွက်ရန်၊

(၄) ခဲမှုန်နှင့်ခဲခိုးတင်ငွေ့များကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများ မဖြစ်ပွားစေရန်အတွက် အကာအကွယ်ပစ္စည်းများဖြစ်သည့် ခေါင်းစွပ် (Cap)၊ မျက်နှာဖုံး(Mask)၊ လက်အိတ်(Gloves)၊ ရှေ့ဖုံးခါးစည်း(Apron) အစရှိသော တစ်ကိုယ်ရေသုံးအကာအကွယ်ပစ္စည်းများနှင့် ကိုယ်ခန္ဓာကာကွယ်ရေးကိရိယာများ (Personal Protective Equipment-PPE) ဝတ်စုံတို့ ဝတ်ဆင်၍ လုပ်ငန်းဆောင်ရွက်ရန်၊

(၅) ခဲမှုန်နှင့်အက်စစ်ရည်စသည်တို့ မျက်စိအတွင်းသို့ မတော်တဆဝင်ရောက်ပါက အရေးပေါ် ဆေးကြောမှုပြုလုပ်နိုင်သည့် မျက်လုံးကို ဆေးကြောသန့်စင်သည့်ကိရိယာ(Eye Washer) များ လုပ်ငန်းခွင်အတွင်း လုံလောက်စွာ ထားရှိပေးရန်၊

(၆) လုပ်ငန်းခွင်ရှိ အလုပ်သမားဦးရေ အချိုးနှင့်ညီမျှသည့် ရှေးဦးသူနာပြုသေတ္တာများ ပြင်ဆင်ထားရှိရန်၊

(၇) ခဲနှင့်စပ်လျဉ်းသည့် အန္တရာယ်သတိပေး ညွှန်ကြားချက်ဆိုင်းဘုတ်များနှင့် အရေးပေါ်တုံ့ပြန်ရေးကိရိယာများကို လုပ်ငန်းခွင်ရှိ အလုပ်သမားများမြင်နိုင်သောနေရာများတွင် ထားရှိရန်၊

(၈) လုပ်ငန်းခွင်တွင် အသုံးပြုသည့် စက်ပစ္စည်းကိရိယာများအား ပုံမှန်ပြုပြင်ထိန်းသိမ်း၍ မှတ်တမ်းထားရှိရန်၊

(၉) ခဲသတ္တုကျိုချက်သည့်နေရာနှင့် ဝေးကွာသည့်နေရာတွင် ဝန်ထမ်းများ အနားယူရန် အဆောက်အအုံ၊ စားသောက်ခန်းနှင့် ရုံးခန်းများထားရှိခြင်းဖြင့် ခဲကင်းစင်သည့်နေရာ(Lead Free Area)ဖြစ်အောင် စီမံဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အတွင်း ဆေးလိပ်သောက်ခြင်းအား လုံးဝတားမြစ်ရန်၊

(၁၀) အလုပ်သမားများအား ယူနီဖောင်းအပါအဝင် ခေါင်းစွပ်(Cap)၊ မျက်နှာဖုံး(Mask)၊ လက်အိတ်(Gloves)၊ ရှေ့ဖုံးခါးစည်း(Apron) အစရှိသော တစ်ကိုယ်ရေသုံး အကာအကွယ်ပစ္စည်းများနှင့် ကိုယ်ခန္ဓာကာကွယ်ရေးကိရိယာများ(Personal Protective Equipment-PPE)ဝတ်စုံများအား

လုံလောက်စွာ ထောက်ပံ့ပေးရန်နှင့် ယင်းတို့ကို စနစ်တကျ ဝတ်ဆင်အသုံး ပြုနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(၁၁) လုပ်ငန်းပြီးဆုံးရပ်နားတိုင်း အလုပ်သမားများ လက်ကိုစနစ်တကျစင်ကြယ်စွာဆေးကြောရန်နှင့် မျက်နှာသစ်ခြင်းများ ဆောင်ရွက်ရန်အတွက် ဆပ်ပြာများ အလုံအလောက်ထားရှိပေးရန်နှင့် ယင်းအတိုင်း လိုက်နာဆောင်ရွက်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(၁၂) အလုပ်သမားများအား လုပ်ငန်းခွင်အပြီး အိမ်မပြန်မီ တစ်ကိုယ်ရေသန့်ရှင်းရေးဆောင်ရွက်နိုင်ရေး ရေချိုးခန်းများ သီးသန့်စီစဉ်ထားပေးရန်နှင့် ယင်းတို့၏ယူနီဖောင်းများကို စက်ရုံတွင် လျှော်ဖွတ်နိုင်ရေးအတွက် အဝတ်လျှော်ဝန်ဆောင်မှု (Laundry Service) များ စီမံထားပေးရန်။

**(ခ) အလုပ်သမားများကျန်းမာရေးစောင့်ရှောက်မှု**

(၁) ခဲအရည်ကျိုလုပ်ငန်း ဆောင်ရွက်သည့် လုပ်ငန်းရှင်များအနေဖြင့် အလုပ်သမားများ အသစ်ခန့်ထားရာတွင် အလုပ်မဝင်ရောက်မီ ဆေးစစ်ခြင်း (Mandatory Preplacement Medical Examination)ကို မဖြစ်မနေ ဆောင်ရွက်ပေးပြီး ယင်းသို့စစ်ဆေးပေးခြင်းတွင် သွေးအတွင်းခဲဓာတ်ပါဝင်မှု (Baseline Blood Lead Level)၊ သွေးအတွင်းရှိ ဟေမိုဂလိုဘင်ပမာဏ (Hemoglobin Level)၊ ဆီးတွင်ခဲဓာတ်ပါဝင်မှု(Lead in Urine) စသည်တို့ကို စစ်ဆေးခြင်းအား ထည့်သွင်းဆောင်ရွက်ရန်၊

(၂) အလုပ်သမားများအတွက် အထက်ပါစစ်ဆေးခြင်းအပါအဝင် ကျန်းမာရေးစစ်ဆေးခြင်းကို ခဲနှင့်တိုက်ရိုက်ထိတွေ့နေသော အလုပ်သမားများအတွက် ခြောက်လလျှင်တစ်ကြိမ် ပုံမှန်စစ်ဆေးပေးရန်၊ ကျန်အလုပ်သမားအားလုံးအတွက် တစ်နှစ်လျှင်တစ်ကြိမ် မပျက်မကွက် စစ်ဆေးပေးရန်နှင့် ကျန်းမာရေးစစ်ဆေးမှုမှတ်တမ်းများ ထိန်းသိမ်းထားရှိရန်၊

(၃) သွေးအတွင်းခဲဓာတ်ပါဝင်မှု(Blood Lead level) ပုံမှန်မဟုတ်သော အလုပ်သမားများအား ဆရာဝန်နှင့်ပြသပြီး လိုအပ်သောဆေးဝါးကုသမှုပေးရန်၊

(၄) အလုပ်သမားများ ခဲအဆိပ်သင့်မှု လက္ခဏာတစ်ရပ်ရပ် ဖြစ်ပေါ်ကြောင်း သံသယဖြစ်ပေါ်ပါက တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဌာနများသို့ အချိန်မီတင်ပြပြီး

ကျန်းမာရေးစစ်ဆေးပေးရန်နှင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု ရရှိစေရေး ဆောင်ရွက်ပေးရန်။

**(ဂ) အသိပညာပေးခြင်းနှင့်လေ့ကျင့်သင်ကြားပေးခြင်း**

(၁) လုပ်ငန်းခွင်အတွင်း ခဲအဆိပ်သင့်ခြင်းအန္တရာယ်အား လျှော့ချနိုင်ရန်အတွက် ခဲအဆိပ်သင့်ခြင်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဗဟုသုတများဟောပြောခြင်း၊ ခဲဖြင့်ထိတွေ့မှု (Lead exposure) နည်းအောင် ဆောင်ရွက်ရမည့် အချက်များ၊ ခဲအဆိပ်သင့်ခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့်ဆိုးကျိုးများနှင့် မဖြစ်ပေါ်အောင် ဆောင်ရွက်ရမည့်အချက်များအား အသိပညာပေးခြင်းများ ဆောင်ရွက်ရန်၊

(၂) အလုပ်သမားများအား ခဲအဆိပ်သင့်ပျံ့နှံ့မှုများနှင့် ခဲအဆိပ်သင့်နိုင်မှုဖြစ်နိုင်ခြေများသည့် အခြေအနေများ၊ ခဲအဆိပ်သင့်မှု မတော်တဆဖြစ်ရပ်များတွင် တုံ့ပြန်ဆောင်ရွက်ရမည့်နည်းလမ်းများကို ကြိုတင်လေ့ကျင့်သင်ကြားပေးခြင်းများ ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းခွင် ရှေးဦးသူနာပြုသင်တန်းများအပါအဝင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာသင်တန်းများသို့ အလုပ်သမားများ တက်ရောက်နိုင်ရေး ဆောင်ရွက်ပေးရန်၊

(၄) ဓာတုပစ္စည်း(Chemical) ယိုဖိတ်မှုများနှင့် အရေးပေါ်အခြေအနေများအတွက် တုံ့ပြန်ဆောင်ရွက်ရေး လမ်းညွှန်ချက်များထားရှိပြီး ယင်းအတိုင်း အလုပ်သမားများအား ကြိုတင်လေ့ကျင့်သင်ကြားပေးထားရန်၊

(၅) ခဲသတ္တုအသုံးပြုသည့်လုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံများမှ ဝန်ထမ်းများ၊ အလုပ်သမားများ မီးဘေးလုံခြုံရေး အသိရှိစေရေး သက်ဆိုင်ရာမြို့နယ်မီးသတ်စခန်းနှင့် ဆက်သွယ်၍ အသိပညာပေးခြင်း၊ မီးငြိမ်းသတ်ဓာတ်တိုက်လေ့ကျင့်မှုများ နှစ်စဉ်ပုံမှန်ဆောင်ရွက်ရန်၊

(၆) ခဲသတ္တုမီးလောင်မှု မဖြစ်ပွားစေရေးအတွက် အထူးဂရုပြုဆောင်ရွက်ရန်၊ မီးလောင်မှုဖြစ်ပွားပါက ထိရောက်စွာမီးငြိမ်းသတ်နိုင်ရေး ခြောက်သွေ့သည့်ဓာတုပစ္စည်းအမှုန့်(Dry Chemical Powder) မီးသတ်ဆေးဘူးနှင့် မီးငြိမ်းသတ်ရာတွင် အသုံးပြုသည့်မီးသတ်ဆေးရည်(Aqueous Film Forming Foam – AFFF) အမြှုပ်ဆေးရည်များကို သက်ဆိုင်ရာတိုင်းဒေသ

ကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်မီးသတ်စခန်းများမှ ညွှန်ကြားသည့်အတိုင်း အသင့်ထားရှိရန်နှင့် မီးသတ်ဦးစီးဌာန၏ မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ ၂၀၂၀ (Myanmar Fire Safety Code 2020)နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၇) အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ထုတ်ပြန်ထားသည့် စည်းမျဉ်းများနှင့် ထိန်းချုပ်မှုဆိုင်ရာအပြောင်းအလဲများ စဉ်ဆက်မပြတ် သိရှိနိုင်စေရန် ဆောင်ရွက်ပေးရန်။

**(ဃ) လေထုညစ်ညမ်းမှုထိန်းချုပ်ခြင်း**

(၁) စက်ရုံတွင် ခဲအရည်ကျိုခြင်းမှထွက်ရှိလာသော ခဲသတ္တုအမှုန်များနှင့်အငွေ့များကြောင့် လေထုညစ်ညမ်းမှု လျော့နည်းစေရေးနှင့် ခဲမှုန်များပါဝင်မှု သတ်မှတ်စံနှုန်းအတွင်းရှိစေရေးအတွက် သင့်လျော်လုံလောက်သည့် လေထုညစ်ညမ်းမှုထိန်းချုပ်ရေးကိရိယာများ(Emission Control Device; e.g.; Electrostatic Precipitators, Wet Scrubber, Air Filter/ Bag filter, etc.,) တပ်ဆင်ထားရှိပြီး စနစ်တကျ ပုံမှန်ထိန်းသိမ်းရေး အစီအစဉ်ရေးဆွဲ၍ ဆောင်ရွက်ရန်၊

(၂) စက်ရုံ၏ မီးခိုးခေါင်းတိုင်အမြင့်အား လုံလောက်သောအမြင့် ထားရှိဆောင်ရွက်ရန်၊ မီးခိုးခေါင်းတိုင်တွင် တပ်ဆင်ထားသော လေ သို့မဟုတ် ဓာတ်ငွေ့စစ်ကိရိယာ (Filter)အား သတ်မှတ်ချိန်များအတိုင်း မဖြစ်မနေလဲလှယ်တပ်ဆင်ရန်နှင့် အဆိုပါလေ သို့မဟုတ် ဓာတ်ငွေ့စစ်ကိရိယာ (Filter) ၏ လုပ်ဆောင်မှု (Functioning) ဖြစ်၊ မဖြစ် ပုံမှန်တိုင်းတာစစ်ဆေးရန်၊

(၃) လုပ်ငန်းခွင်အတွင်း လေထုထဲရှိ ထုတ်လွှတ်အခိုးအငွေ့များအား သုံးလလျှင်တစ်ကြိမ် တိုင်းတာစစ်ဆေးရန်နှင့် တိုင်းတာရရှိသည့် ရလဒ်များအား မှတ်တမ်းထားရှိဆောင်ရွက်ရန်၊

(၄) လုပ်ငန်းခွင်အတွင်း လေထုထဲရှိ ခဲဓာတ်ပမာဏသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ထုတ်ပြန်ထားသည့် မြန်မာစံချိန်စံညွှန်းပါ လုပ်ငန်းခွင်လေထုအတွင်းရှိ ခဲမှုန့်ကို နမူနာရယူခြင်းနှင့် ဆန်းစစ်တိုင်းတာခြင်းနည်းလမ်း (Lead in Air Guideline Value) များနှင့် ကိုက်ညီမှုရှိစေရေးဆောင်ရွက်ရန်နှင့် လေထုထဲရှိ ခဲဓာတ်

ပမာဏကို သုံးလလျှင်တစ်ကြိမ် တိုင်းတာစစ်ဆေး၍ တိုင်းတာရရှိသည့် ရလဒ်များအား မှတ်တမ်းထားရှိဆောင်ရွက်ရန်။

**(င) ရေထုညစ်ညမ်းမှုထိန်းချုပ်ခြင်း**

(၁) စွန့်ပစ်ပစ္စည်းများကြောင့် ရေထုညစ်ညမ်းမှု မဖြစ်စေရေးအတွက် မြစ်၊ ချောင်း၊ အင်းအိုင်နှင့် ပင်လယ်အတွင်းသို့ တိုက်ရိုက်စွန့်ပစ်ခြင်းများ မပြုလုပ်ရန်နှင့် မြေအောက်ရေညစ်ညမ်းမှု မရှိစေရေး စီမံဆောင်ရွက်ရန်၊

(၂) စက်ရုံအတွင်း ဘက်ထရီအိုးအဟောင်းများမှ ခဲပလိတ်ပြားများ ထုတ်ယူသည့်နေရာ၊ အဆိုပါနေရာမှ အက်စစ်ကန်သို့ သွယ်ယူသောမြောင်းနှင့် အက်စစ်စုဆောင်းကန်တို့တွင် မြေကြီးအတွင်းသို့ အက်စစ်စိမ့်မဝင်နိုင်သော ကြမ်းခင်း (Impermeable Floor) များ တည်ဆောက်စီမံဆောင်ရွက်ရန်၊

(၃) လုပ်ငန်းဆောင်ရွက်ရာမှ ထွက်ရှိသည့် အက်စစ်ဓာတ် ပါဝင်သည့်ရေများနှင့် စွန့်ပစ်ရေဆိုးများ (Wastewater) ကို ကိုယ်တိုင်စွန့်ပစ်ရေဆိုးသန့်စင်သည့်စက်ရုံ (Wastewater Treatment Plant) တည်ဆောက်၍ ပြုပြင်သန့်စင်ရန် သို့မဟုတ် စွန့်ပစ်ခြင်းပြုသည့်လုပ်ငန်း (ရေဆိုးပြုပြင်သန့်စင်ခြင်း) လိုင်စင်ရယူထားသည့် လုပ်ငန်းများဖြင့်သာ လုပ်ငန်းအပ်နှံဆောင်ရွက်၍ စွန့်ပစ်ရန်၊

(၄) လုပ်ငန်းဆောင်ရွက်ရာမှ ထွက်ရှိသည့် စွန့်ပစ်ရည်များအား စွန့်ပစ်ရည် အရည်အသွေး စစ်ဆေးပေးနိုင်သော အသိအမှတ်ပြုဓာတ်ခွဲခန်း တစ်ခုခုသို့ သုံးလလျှင်တစ်ကြိမ် ပုံမှန်တိုင်းတာစစ်ဆေးရန်နှင့်မြေအောက်ရေ၏ အရည်အသွေးကိုလည်း သုံးလလျှင်တစ်ကြိမ် ပုံမှန်တိုင်းတာစစ်ဆေးရန်။

**(စ) မြေဆီလွှာပျက်စီးမှုမရှိစေရန်ဆောင်ရွက်ခြင်း**

(၁) လုပ်ငန်းဆောင်ရွက်ရာမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများ (ဘက်ထရီအိုးအဟောင်းခွံများ၊ ခဲချော်အဟောင်းများနှင့် စက်ပစ္စည်းအဟောင်းများ၊ အက်စစ်ဓာတ်ပါဝင်သည့် စွန့်ပစ်အရည်များ)အား ယာယီသိုလှောင်ရန်၊

(၂) ယာယီသိုလှောင်ရာတွင် မြေဆီလွှာအပေါ် ထိခိုက်မှုမရှိစေသော နည်းလမ်းများဖြင့် စနစ်တကျသိုလှောင်ထားရှိရန်။

**(ဆ) ဆူညံသံလျှော့ချခြင်းနှင့် အနံ့ဆိုးထွက်ရှိမှု လျှော့ချခြင်း**

(၁) အသံဆူညံမှုနည်းသော စက်ပစ္စည်းများကို အစားထိုးအသုံးပြုခြင်း၊ ဆူညံသံလျှော့ချရေးကိရိယာ(Silencer)များ တပ်ဆင်အသုံးပြုခြင်း၊ အသုံးမပြုသော စက်ပစ္စည်းများ၊ စက်ယန္တရားများကို ပိတ်ထားခြင်းစသည့် အစီအမံများဆောင်ရွက်ရန်၊

(၂) ကုန်တင်ကားများအား စက်ရုံ၊ အလုပ်ရုံဧရိယာအနီးတွင် မလိုအပ်ဘဲဟွန်းတီးခြင်းအား ရှောင်ကြဉ်ခြင်း၊ ကုန်တင်ကားများနှင့်စက်ရုံ၊ အလုပ်ရုံဧရိယာသို့ လာရောက်သော ယာဉ်များအား မြန်နှုန်းသတ်မှတ်မောင်းနှင်ခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား လိုက်နာစေခြင်း၊ ကုန်တင်ကုန်ချပြုလုပ်သော စက်ကိရိယာများနှင့် ယာဉ်များအား နေ့အချိန်တွင်သာ လုပ်ကိုင်စေခြင်းတို့ ဆောင်ရွက်ရန်၊

(၃) ပတ်ဝန်းကျင်ရှိလူများ လက်မခံနိုင်သည့် ဆိုးရွားသောအနံ့များ မထွက်ရှိစေရေးအတွက် အနံ့ဆိုးထွက်ရှိမှုကို ထိန်းချုပ်သည့် အစီအမံများထားရှိဆောင်ရွက်ရန်။

**(ဇ) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲခြင်း**

(၁) ထွက်ရှိသော စွန့်ပစ်ပစ္စည်းများအား စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာမှတ်တမ်းပုံစံထားရှိ ဆောင်ရွက်ရန်၊

(၂) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများဖြစ်သည့် ချော်ခဲ(Lead Slag Waste) များကို စွန့်ပစ်ခြင်းပြုသည့်လုပ်ငန်းလိုင်စင်ရယူထားသည့် လုပ်ငန်းများဖြင့်သာ လုပ်ငန်းအပ်နှံဆောင်ရွက်၍ စွန့်ပစ်ရန်နှင့် ၎င်းတို့ကို မစွန့်ပစ်မီ ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရေးနည်းလမ်းများဖြင့် စနစ်တကျယာယီသိုလှောင်ထားရှိရန်၊

(၃) အခြားစွန့်ပစ်အစိုင်အခဲများအား အမျိုးအစားအလိုက် သီးခြားစီ ခွဲခြားထုပ်ပိုး၍ သက်ဆိုင်ရာမြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့များနှင့် ချိတ်ဆက်စွန့်ပစ်ရန်။

၂။ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းလိုင်စင်ရရှိပြီး ခဲအရည်ကျိုလုပ်ငန်းနှင့်သက်ဆိုင်သော လုပ်ငန်းအမျိုးအစားအလိုက် ခွင့်ပြုချက်ရရှိထားသူသည် အထက်အပိုဒ် ၁ ပါ စည်းကမ်းသတ်မှတ်ချက်များအပြင် အောက်ပါအထွေထွေစည်းကမ်းသတ်မှတ်ချက်များကိုလည်း လိုက်နာကျင့်သုံးရမည်-

(က) ဘက်ထရီအိုးအဟောင်းများမှ ခဲပလိတ်ပြားများထုတ်ယူ၍ ခဲအရည်ကျိုသည့် လုပ်ငန်းရှင်များသည် အဆင့်မြင့်စနစ်ပါစက်များ (Auto Machine System) ကို တပ်ဆင်အသုံးပြုပြီး ဘက်ထရီအိုးအဟောင်းများကို ကြိတ်ခွဲရန်၊

(ခ) ပတ်ဝန်းကျင်နေထိုင်သူများကို ခဲဆိပ်မသင့်စေရန်အတွက် ခဲအရည်ကျိုသည့်စက်ရုံ၊ အလုပ်ရုံများအား စက်မှုဇုန် သို့မဟုတ် စက်မှုဇုန်မရှိသည့်မြို့များတွင် လူနေအိမ် ကင်းလွတ်သည့်နေရာများ၌ လုပ်ငန်းဆောင်ရွက်ရန်၊

(ဂ) အရေးပေါ်အခြေအနေ (ဓာတုပစ္စည်းယိုဖိတ်မှု သို့မဟုတ် ယိုစိမ့်မှုနှင့်ထိတွေ့မှုနှင့် မီးလောင်မှု)များ ဖြစ်ပေါ်လာပါက သက်ဆိုင်ရာဦးစီးဌာနသို့ အချိန်မီအကြောင်းကြားရန်နှင့် မီးလောင်ခြင်းနှင့်ပေါက်ကွဲခြင်း(Fire and Explosion)နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၏ အကြံပြုချက်၊ လမ်းညွှန်ချက်များအတိုင်း အချိန်နှင့်တစ်ပြေးညီ လိုက်နာဆောင်ရွက်ရန် ၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအမံများ၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအစီအမံများ ရေးဆွဲဆောင်ရွက်ရန်၊

(ဃ) ခဲသတ္တုပါဝင်သည့် စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ ခဲအရည်ကျိုလုပ်ငန်းဆောင်ရွက်သည့် လုပ်ငန်းရှင်များသည် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့တွင် စွန့်ပစ်ခြင်းပြုသည့်လုပ်ငန်းလိုင်စင် လျှောက်ထားရယူရန်နှင့် အဆိုပါစွန့်ပစ်ပစ္စည်းများသယ်ယူပို့ဆောင်ခြင်းအတွက် စွန့်ပစ်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းလုပ်ငန်းလိုင်စင်လျှောက်ထားရယူရန် သို့မဟုတ် စွန့်ပစ်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းလုပ်ငန်းလိုင်စင်ရယူထားသည့် လုပ်ငန်းများဖြင့်သာ သယ်ယူပို့ဆောင်ရန်၊

(င) ခဲအရည်ကျိုလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန (မီးသတ်ဦးစီးဌာန)၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း

ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(စ) ခဲအရည်ကျိုလုပ်ငန်းများ ဆောင်ရွက်ပါက လူ၊ တိရစ္ဆာန်နှင့်ပတ်ဝန်းကျင်တို့အား ထိခိုက်ဆုံးရှုံးမှုဖြစ်ပေါ်လာနိုင်သည့်အတွက် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၁၇ နှင့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေး နည်းဥပဒေ ၄၅ နှင့်အညီ လျော်ကြေးပေးနိုင်ရေးအတွက် အာမခံထားရှိခြင်း ဆောင်ရွက်ရန်။

ဥက္ကဋ္ဌ
ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ
တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့

စာအမှတ်၊ ၁၅၀၁(၁)/စမရ(၄-ဥ)/၂၀၂၅( ၈၉ )

ရက် စွဲ ၊ ၂၀၂၅ ခုနှစ်၊ မတ် လ ၁၁ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

(.................................................................................................ဝန်ကြီးဌာန)

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

..............................................တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

| | |
|---|---|
| ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များ<br>နှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | ညီနောင်အသင်းအဖွဲ့များထံ<br>ထပ်ဆင့်ဖြန့်ဝေပေးပါရန် |

ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့

အဖွဲ့ဝင်များအားလုံး

ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့

အဖွဲ့ဝင်များအားလုံး

| | |
|---|---|
| ဥက္ကဋ္ဌ၊ နေပြည်တော်ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ<br>တားဆီးကာကွယ်ရေးကြီးကြပ်ရေးအဖွဲ့<br>အတွင်းရေးမှူး၊ နေပြည်တော်ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ<br>အန္တရာယ်မှတားဆီးကာကွယ်ရေးကြီးကြပ်ရေးအဖွဲ့<br>ဥက္ကဋ္ဌ၊<br>--------------------------------တိုင်းဒေသကြီး/ ပြည်နယ်ဓာတုပစ္စည်းနှင့်<br>ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးကြီးကြပ်ရေးအဖွဲ့<br>အတွင်းရေးမှူး၊<br>--------------------------------တိုင်းဒေသကြီး/ ပြည်နယ် ဓာတုပစ္စည်းနှင့်<br>ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးကြီးကြပ်ရေးအဖွဲ့ | သက်ဆိုင်ရာလုပ်ငန်းရှင်များသို့<br>ဆက်လက်ဖြန့်ဝေပေးပါရန် |

ဤဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန/လုပ်ငန်းများအားလုံး

(..........................................................................................)

ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန၊ နေပြည်တော်

ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန(မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်)

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ